# ကြည့်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

Message Seven

## ဗိမာန်တော်၏ ပစ္စည်းများ၏ ပင်ကိုမူလပုံဆောင်ချက်

ဖတ်ရန်ကျမ်း။ ။ ၁ဘုရင်၊၅း၁၅-၁၈။ ၆း၇၊ ၉-၁၀၊ ၁၅-၁၆၊ ၂၃၊ ၃၁-၃၄၊ ၃၆။ ၇း၁၄-၁၅၊ ၂၁

**I. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ပစ္စည်းများဖြစ်လာရန်အလို့ငှာ ကျွန်ုပ်တို့သည် အသေခံခြင်း၌ရှိသော ခရစ်တော် (ထင်းရှူးပင်အားဖြင့် ပုံဆောင်ခြင်း)၊ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော် (အာရဇ်ပင်အားဖြင့် ပုံဆောင်ခြင်း)နှင့် ဝိညာဉ်တော်ဖြစ်သော ခရစ်တော် (သံလွင်သစ်သားအားဖြင့် ပုံဆောင်ခြင်း) ကို တွေ့ကြုံခံစားရန် လိုအပ်သည်။**

A. အသေခံ၍ ရှင်ပြထမြောက်သော ခရစ်တော်တည်းဟူသော ယေရှုခရစ်၏အရာအားလုံးပါဝင်သော ဝိညာဉ်တော်နှင့် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည့် သုံးပါးတစ်ပါးဘုရား၏ မျက်မှောက်တော်ဖြစ်သောအရှင်သည် အသင်းတော်တည်းဟူသော ခရစ်တော်၏ ကြီးမားခြင်းနှင့် ကျယ်ပြန့်ခြင်းဖြစ်သည့် ဘုရားသခင်၏ဗိမာန်တော်ကို တည်ဆောက်ခြင်း အတွက် ပစ္စည်းများ၏စစ်မှန်ခြင်းဖြစ်သည် - ဖိ၊၁း၁၉-၂၁က။ ၁ကော၊၃း၉၊ ၁၂က၊ ၁၆-၁၇။

B. ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဖြစ်သော အသေခံ၍ ရှင်ပြန်ထမြောက်သည့် ခရစ်တော်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ကိုယ်တော်ကိုယ်တိုင် တည်ဆောက်ခြင်းရှိစေရန် အခွင့်ပေးဖို့ လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဗိမာန်တော် ဖြစ်သော အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော် (အသက်၏ ကြွယ်ဝသော မစမှု)၏ ကောင်းသောဘဏ္ဍာစိုးများဖြစ်ရန်အလို့ငှာ ခရစ်တော်ကို အပြည့်ဝဆုံး မွေ့လျော်ဝမ်းမြောက်မှု ရှိနိုင်ကြမည်ဖြစ်သည် - ဧ၊၃း၂၊ ၁၆-၁၇။ ၁ပေ၊၄း၁၀-၁၁။

**II. ထင်းရှူးပင်သည် အသေခံခဲ့သော ခရစ်တော်ကို ရည်ညွှန်းသည် - ၁ဘုရင်၊၆း၁၅ခ၊ ၃၄။ ညွှန်း၊ က၊၆း၁၄။**

A. ရှေးအခါက ဂျူးများသည် သူတို့၏သင်္ချိုင်းဂူများပေါ်တွင် ထင်းရှူးပင်များကို စိုက်ပျိုးခဲ့ကြသည်။ ထို့ကြောင့် ထင်းရှူးသည် အသေခံခြင်း၌ရှိသော ခရစ်တော်၏လူသားဇာတိ၊ ကားတိုင်ပေါ်တွင် အသေခံသောယေရှုကို ပုံဆောင်သည် - ၁ကော၊၂း၂။

B. ဗိမာန်တော်၏ တံခါးများသည် ထင်းရှူးသားဖြင့် ပြုလုပ်ထားပြီး၊ ခေရုဗိမ်နှင့် စွန်ပလွံပင်များကို ထွင်းထားခဲ့သည် - ၁ဘုရင်၊၆း၃၄-၃၅။ ညွှန်း၊ ယေဇ၊၄၁း၁၈-၂၀။

1. ခေရုဗိမ်သည် သတ္တဝါများအပေါ် ထင်ရှားပေါ်လာသည့် သခင်ဘုရား၏ ဘုန်းတော်ကို ပုံဆောင်ပြီး (၁၀း၁၈။ ဟေဗြဲ၊ ၉း၅)၊ စွန်ပလွံပင်များသည် အောင်နိုင်သော

ခရစ်တော်၊ ခရစ်တော်၏ အမြဲတည်သော၊ အစဉ်တည်ရှိသော တန်ခိုးတော်ကို ပုံဆောင်သည် (ယေဇ၊၄၀း၁၆။ ဗျာ၊၇း၉)။

2. စွန်ပလွံပင်များနှင့် ခေရုဗိမ်တို့ကို ထင်းရှူးသား တံခါးများအပေါ်ထွင်းထားခြင်းမှာ ခရစ်တော်၏ အောင်နိုင်ခြင်းနှင့် သခင်ဘုရား၏ဘုန်းတော်သည် ဒုက္ခဆင်းရဲများမှ တစ်ဆင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ "ထွင်းထား"ခံရပြီဖြစ်ကြောင်း ပုံဆောင်သည် - တ၊၁၆း၇။ ဖိ၊၃း၁၀။ ၂ကော၊၄း၁၀-၁၂။

## III. အာရဇ်ပင်သည် ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ပုံဆောင်သည် - ၁ဘုရင်၊၆း၉-၁၀၊ ၁၅-၁၆၊ ၃၆။

A. အာရစ်ပင်များသည် လေဗနုန်တောင်တန်းများပေါ်တွင်ပေါက်ရောက်သည်။ ထို့ကြောင့် အာရဇ်သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်၏ လူသားဇာတိ၊ ရှင်ပြန်ထမြောက်သောခရစ်တော်ကို ပုံဆောင်သည် - ဆာ၊၁၀၄း၁၆။ သီ၊၄း၈။

B. ရှင်ပြန်ထမြောက်သော၊ တက်ကြွသော ရှင်ဘုရင်အဖြစ် ခရစ်တော်သည် ဒါဝိဒ်၏ အိမ်တော်ထဲက ထွက်ပေါ်လာသည့် ဘုန်းထည်ဝါသော၊ ခမ်းနားသော အာရဇ်ပင်ဖြစ်သည် - ယေဇ၊၁၇း၂၂-၂၃။ ရော၊၁း၃-၄။ တ၊၂း၂၂-၂၄၊ ၃၂-၃၆။ ဟေဗြဲ၊၂း၉။

C. ကျွန်ုပ်တို့သည် လေဗနုန်တောင်မှ အာရဇ်ပင်များကဲ့သို့ ကျွန်ုပ်တို့၏ အမြစ်များကို ခရစ်တော်အထဲသို့ စွဲစေ၍၊ ယေဟောဝါ ၏အိမ်တော်၌ စိုက်ပျိုးခံရသည့်အတိုင်း အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်း ရှိစေကာ၊ ကျွန်ုပ်တို့ဘုရားသခင်၏ဌာနတော်များ၌ ပွင့်လန်းကြလျက်၊ အသက်ကြီးသောကာလမှာပင် အသီးကို သီးလျက်၊ သစ်စေးနှင့် ပြည့်ဝလျက် စိမ်းလန်းခြင်း ရှိစေရန် လိုအပ်သည် - ဟောရှေ၊၁၄း၅-၉။ ဆာ၊၉၂း၁၂-၁၄။ ၂ဘုရင်၊ ၁၉း၃၀။

D. အသင်းတော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်သော တန်ခိုးတော်၏ သိုလှောင်ရုံနှင့် ဘဏ္ဍာသိုက် ဖြစ်သည်။ ဤတန်ခိုး တော်သည် ခရစ်တော်၌ ပြုပြင်လုပ်ဆောင်ခြင်းရှိသောအခါ၊ ၎င်းက ကိုယ်တော်ကို ဦးခေါင်းတော် ဖြစ်စေသည်။ ဤတန်ခိုး တော်သည် ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်သောအခါ ၎င်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ ကိုယ်ခန္ဓာတော် ဖြစ်စေသည် - ဧ၊၁း၁၉-၂၃။ ရော၊၈း၂၊ ၁၁။ ၁၂း၁-၂။ ရော၃း၁၀။

## IV. သံလွင်သားသည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ပုံသဏ္ဍာန်ပြောင်းလဲသော ခရစ်တော်ကို ပုံဆောင်သည် - ၁ဘုရင်၊ ၆း၂၃၊ ၃၁-၃၃။ ၁ကော၊၁၅း၄၅ခ။

A. သံလွင်ဆီသည် ဘုရားသခင်၏ဝိညာဉ်တော်ကို ပုံဆောင်သည်။ ထို့ကြောင့် သံလွင်သစ်သားသည် ဘုရားသခင်၏ဝိညာဉ်တော်၌ရှိသော ခရစ်တော်၏ လူသားဇာတိ၊ ဘိသိက်

ပေးခြင်းအဖြစ် ပေါင်းစပ်ထားသောဝိညာဉ်တော်လည်း ဖြစ်သည့် ဘိသိက်ခံရသော ခရစ်တော်ကို ပုံဆောင်သည် - ဟေဗြဲ၁း၉။ ၂ကော၁း၂၁။ ၁ယော၂း၂၀၊ ၂၇။ ထွ၃၀း၂၅၊ ၃၀။

B. ကျွန်ုပ်တို့သည် ယဉ်သောသံလွင်ပင်ဖြစ်သည့် ကိုယ်တော်အထဲသို့ ကိုင်းဆက်ခံရသည့် ခရစ်တော်၏ အကိုင်းအခက်များ ဖြစ်ကြကာ၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရကြသည် (ရော၁၁း၁၇၊ ၂၄)။ အသက်ပေးသောဝိညာဉ်တော်သည် ကောင်းကင်ဆိုင်ရာ သံလွင်ပင်ဖြစ်သော ခရစ်တော်၏ အသက်ရည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကြွယ်ဝခြင်း များကို ကောင်းကင်ဆိုင်ရာသံလွင်ပင်၏ အဆီအနှစ်၊ သစ်ရည်အဖြစ် ယူဆောင်ရန် အလိုရှိလျှင် ခရစ်တော်၏ အသက်ရည် ဖြစ်သော အသက်ပေးသော ဝိညာဉ်တော်ကို ဆက်သွယ်ရန် လိုအပ်သည် (လု၂၃း၃၁။ ညွှန်း၊ ဆာ၉၂း၁၃-၁၄။ ၃၆း၈-၉)။

1. ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ကိုင်းဆက်ခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဖြစ်ပေါ်သောကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ် တို့၏ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် "အို သခင်ဘုရား၊ အို သခင်ဘုရား"ဟု ပြော ခြင်းဖြင့် သခင်ဘုရားကို ခေါ်သောအခါ၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်းရှိကြပြီး၊ အသက်ပေးသောဝိညာဉ်တော် ဖြစ်သည့် သခင်ဘုရားကို ချက်ချင်း ယူဆောင်စားသုံးခြင်း ရှိကြသည် - ရော၈း၁၆။ ၁ကော၆း၁၇။ ရော၁၀း၉-၁၃။
2. ခရစ်တော်၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့အဖို့ နောက်ထပ်နည်းလမ်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းနှင့် နှုတ်ကပတ်စကားလုံးတိုင်းကို အာမင်ထူးရန် ဖြစ်သည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့ ၏ဝိညာဉ်ကို လေ့ကျင့်လျက်၊ သခင်ဘုရားကို ဆက်သွယ်ခြင်း၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အဆီအနှစ်ဖြစ်သော အရာအားလုံးပါဝင်သောဝိညာဉ်တော်ကို ယူဆောင်စားသုံးခြင်း ရှိကြသည် - ဆာ၁၀၆း၄၈။ နေ၈း၆။ ၂ကော၁း၂၀။ ဗျာ၁၉း၄။ ဧ၆း၁၇-၁၈။

C. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ "သဘာဝနှင့် ဆန့်ကျင်လျက်" ကိုင်းဆက်ခံရကြပြီဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။ *သဘာဝနှင့် ဆန့်ကျင်လျက်* ဟူသည်မှာ "အတ္တနှင့် ဆန့်ကျင်လျက်"ဟု ဆိုလိုသည် - ရော၁၁း၂၄။

1. ကျွန်ုပ်တို့၏ဇာတိသဘာဝ အရာခပ်သိမ်းသည် သခင်ဘုရား၏ သဘောသဘာဝနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ကျွန်ုပ်တို့၏ သဘောသဘာဝသည် အပြစ်ပြည့်ဝသောသဘာဝဖြစ်ပြီး၊ သခင်ဘုရား၏သဘောသဘာဝသည် ဘုရားဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာနှင့် သန့်ရှင်းသောသဘောသဘာဝဖြစ်သည် - ဂလ၅း၁၆-၁၇။ ၂ပေ၁း၄။

2. သံလွင်ပင်ဖြစ်သော ခရစ်တော်ကို ကိုယ်တော်၏ကြွယ်ဝခြင်းများနှင့်အတူ ယူဆောင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် မိမိတို့၏ ရိုင်းသောအခက်များဖြစ်သည့် နောက်ခံအဟောင်း၊ သမိုင်းကြောင်းအဟောင်း၊ အသက်တာဟောင်း၊ အကျင့်ဟောင်းနှင့် ထုံးတမ်းဓလေ့ဟောင်းတို့မှ အပြည့်အဝ ဖြတ်တောက်ခံရန် လိုအပ်သည် - ရော၊၁၁း၂၄။ ညွှန်း၊ ဧ၊၄း၂၂-၂၄။
3. ကျွန်ုပ်တို့အသက်တာ အကျင့်ဟောင်းမှ ဖြတ်တောက်ခံရခြင်းကို တွေ့ကြုံခံစားပြီး၊ ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရ ခြင်း အတွေ့အကြုံကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်ကို ခေါ်ခြင်းနှင့် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ဖို့လိုအပ်သည် - ရော၊၁၀း၆-၈။ ဧ၊ ၆း၁၇-၁၈။

D. ရောမ ၁၁ တွင် ကျွန်ုပ်တို့သည် သံလွင်ပင်ဖြစ်သော ခရစ်တော်၏ အကိုင်းအခက်များဖြစ်ကြပြီး (အငယ်၊၁၇၊ ၂၄)၊ "သံလွင်သီးများ"ကို သီး၍၊ သန့်ရှင်းသောဝိညာဉ်တော်ကို ပုံဆောင်သည့် နှစ်သိမ့်ပေးသောဆီကို ထုတ်လုပ်ကြကြောင်း ဖွင့်ပြထားသည်။ ယောဟန် ၁၅ တွင် ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၏ အကိုင်းအခက်ဖြစ်ကြပြီး (အငယ်၊၅)၊ "စပျစ်သီးများ"ကို ထုတ်လုပ်၍၊ ဘုရားဆိုင်ရာအသက်ကို ပုံဆောင်သည့် လန်းဆန်းတက်ကြွစေသော စပျစ်ရည်ကို ထုတ်လုပ်ကြကြောင်း ဖွင့်ပြထားသည်။ လုကာ ၁၀ တွင် ကောင်းသောရှမာရိလူသည် သေလုဆဲဆဲရှိသောသူ၏အနာများပေါ်မှာ ဆီနှင့် စပျစ်ရည်ကို သွန်းလောင်းခဲ့သည် (အငယ်၊၃၃-၃၄)။

1. ဆီနှင့် စပျစ်ရည် အတူတကွရှိခြင်းသည် လူတို့ကို အနာငြိမ်းစေခြင်း ဖြစ်လာသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ခေါ်ခြင်းနှင့် နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်းအားဖြင့် သခင်ဘုရား၌ တည်နေကြလေလေ၊ ဆီနှင့် စပျစ်ရည်ကို ထုတ်လုပ်ရန် “သံလွင်သီးများ”နှင့် “စပျစ်သီးများ”ကို သီးကြလေလေဖြစ်ပြီး၊ အတွင်းပိုင်း၌ နာကျင်ခံစားကြရသော၊ ညှိုးငယ်ထိုင်းမှိုင်းကာ စိတ်ပျက်နေကြသော လူများအထဲသို့ သွန်းလောင်းပေးခြင်း ရှိကြလိမ့်မည်ဖြစ်သည်။
2. သံလွင်ပင်၏ အဆီသည် ဘုရားနှင့် လူကို ဘုန်းအသရေပေးရန် အသုံးပြုခြင်းမှာ(သူကြီး၊၉း၈-၉) ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းသောသူတို့သည် ဘုရားသခင်ကို ဘုန်းအသရေပေးပြီး (ဂလ၊၅း၁၆၊ ၂၅)၊ ဝိညာဉ်တော်ကို အမှုဆောင်သောသူတို့သည် လူကို ဘုန်းအသရေပေးခြင်းဖြစ်ကြောင်း ပုံဆောင်သည် (၂ကော၊၂း၆၊ ၈။ ဖိ၊၃း၃)။

3. စပျစ်နွယ်ပင်၏ စပျစ်ရည်သည် ဘုရားနှင့်လူကို စိတ်ရွှင်လန်းစေရန် အသုံးပြုခြင်းမှာ (သူကြီး၊၉း၁၂-၁၃) ခရစ်တော်ကို မိမိတို့၏ ပူဇော်ဆက်ကပ်သော၊ လန်းဆန်းစေသော အသက်အဖြစ် မွေ့လျော်သောသူတို့သည် ဘုရားသခင်ကို ရွှင်လန်းအားတက်စေပြီး (မ၊၉း၁၇)၊ ခရစ်တော်ကို မိမိတို့၏ ပူဇော်ဆက်ကပ်သော၊ လန်းဆန်းစေသော အသက်အဖြစ် အမှုဆောင်သောသူတို့သည် လူကို ရွှင်လန်းအားတက်စေကြောင်း ပုံဆောင်သည် (၂ကော၊၃း၆။ ဖိ၊၂း၁၇။ ၂တိ၊၄း၆)။

**V. ဗိမာန်တော်၏တိုင်များသည် ကြေးညိုဖြင့် တည်ဆောက်ထားပြီး၊ ယင်းမှာ ဘုရားသခင်၏ တရားစီရင်ခြင်းကို ပုံဆောင်သည် - ၁ဘုရင်၊၇း၁၄-၁၅၊ ၂၁။ ဗျာ၊၃း၁၂။ ၂၁း၂၂။**

A. ကျမ်းစာ၌ တိုင်သည် ကိုယ်ခန္ဓာတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်း၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှတစ်ဆင့် ဘုရားသခင်၏ တည်ဆောက်ခြင်း အမှတ်လက္ခဏာ၊ သက်သေခံချက် ဖြစ်သည် - က၊၂၈း၂၂က။ ၁ဘုရင်၊၇း၁၅-၂၂။ ဂလ၊ ၂း၉။ ၁တိ၊၃း၁၅။ ဗျာ၊၃း၁၂။ ရော၊၁၂း၂။ ဧ၊၄း၁၁-၁၂။

B. ဘုရားသခင်ထံသို့ အသုံးဝင်သောသူများမှာ ဘုရားသခင်၏တရားစီရင်ခြင်း (ကြေးညို) အောက်၌ အဆက်မပြတ် ရှိကာ၊ မိမိတို့သည် အသေွးအသား၌ ရှိသောလူများ ဖြစ်ကြောင်း၊ ဘာမျှတန်ဖိုးမရှိဘဲ၊ သေ၍ မြှုပ်နှံရန်သာ ထိုက်တန်ကြောင်း သိ နားလည်ကြသူများ ဖြစ်သည် - ဆာ၊၅၁း၅။ ထွ၊၄း၁-၉။ ရော၊၇း၁၈။ မ၊၃း၁၆-၁၇။

1. ယုံကြည်သူများအလယ်၌ ကွဲပြားခြင်းနှင့် အသီးမဲ့ခြင်း နှစ်ခုလုံးအတွက် အကြောင်းရင်းမှာ ထိုနေရာတွင် ကြေးညိုမရှိ ခြင်း၊ ဘုရားသခင်၏တရားစီရင်မှု ဘာမျှမရှိခြင်းပင် ဖြစ်သည်။ ထိုအစား၊ ထိုနေရာတွင် မာန်မာန၊ မိမိကိုယ်ကို ဝါကြွားခြင်း၊ မိမိကိုယ်ကိုသက်သေထူခြင်း၊ မိမိကိုယ်ကို ဖြောင့်မတ်စေခြင်း၊ မိမိကိုယ်ကိုထောက်ခံခြင်း၊ မိမိကိုယ်ကိုဆင်ခြေ ပေးခြင်း၊ မိမိကိုယ်ကို ဖြောင့်မှန်ခြင်းနှင့် အခြားသူများကို ထိန်းကျောင်းခြင်း၊ ရှာဖွေခြင်းပြုရမည့်အစား စီရင်ခြင်းနှင့် ထိန်းညှိခြင်းတို့သာ ရှိနေသည် - ၁၆း၂၄။ လု၊၉း၅၄-၅၅။

2. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်၍ ကိုယ်တော်ကို ကြေးညိုလူတစ်ဦးအဖြစ် တွေ့ကြုံခံစားသောအခါ (ယေဇ၊၄၀း၃) ကိုယ်တော်သည် ကျွန်ုပ်တို့၏ ထူးကဲသာလွန်သော မေတ္တာ၊ အတိုင်းအဆမဲ့ သည်းခံခြင်း၊ ပြိုင်ဘက်ကင်းသော သစ္စာရှိခြင်း၊ အကြွင်းမဲ့သော နှိမ့်ချမှု၊ အဆုံးစွန်သော စင်ကြယ်မှု၊ အမြင့်ဆုံးသော သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းနှင့် ကျွန်ုပ်တို့၏ တောက်ပခြင်းနှင့် ဖြောင့်မှန်ခြင်း ဖြစ်လာမည်ဖြစ်သည် (ဖိ၊၄း၅-၈)။

C. ဗိမာန်တော်ရှိ တိုင်များ၏ ထိပ်အုပ်များအပေါ်တွင် "ပန်းဆိုင်း(နွယ်တက်ရန်စင်ကဲ့သို့) ဖော်သောအလုပ်နှင့် အကွက်ဖော် သောအလုပ်ဖြင့် ပြီးသောကွန်ရွက်များ" ရှိသည်။ ဤအရာများသည် ခက်ခဲရှုပ်ထွေးသော၊ ရောယှက်နေသော အခြေအနေတွင် ဘုရားသခင်၏ တည်ဆောက်ခြင်း၌ တိုင်များဖြစ်သောသူတို့သည် အသက်ရှင်ကာ၊ တာဝန်ရှိမှုကို သယ်ဆောင်ကြခြင်းအား ပုံဆောင်သည် (၁ဘုရင်၊၇း၁၇။ ၂ကော၊၁း၁၂။ ၄း၇-၈)။ ထိပ်အုပ်များ၏ ထိပ်ပေါ်တွင် နှင်းပွင့်များနှင့် တလည်းသီးများ ရှိသည် (၁ဘုရင်၊၇း၁၈-၂၀)။

1. နှင်းပွင့်များသည် ဘုရားသခင်၌ ယုံကြည်ခြင်းအသက်တာ၊ ကျွန်ုပ်တို့ဖြစ်ခြင်းအား ဖြင့်မဟုတ်ဘဲ၊ ကျွန်ုပ်တို့ထံ ဘုရား သခင်ဖြစ်သောအရာအားဖြင့် အသက်ရှင်သည့် အသက်တာကို ပုံဆောင်သည်။ ကြေးညိုသည် "ကျွန်ုပ်မဟုတ်"ဟု ဆိုလိုပြီး၊ နှင်းပွင့်သည် "သို့သော် ခရစ်တော်သာ"ဟု ဆိုလိုသည် - သီ၊၂း၁-၂။ မ၊၆း၂၈၊ ၃၀။ ၂ကော၊၅း၄။ ဂလ၊၂း၂၀။
2. ထိပ်အုပ်များ၏အနားကွင်းများပေါ်ရှိ တလည်းသီးများသည် အသက်ဖြစ်သော ခရစ်တော်ကြွယ်ဝခြင်းများ၏ ပြည့်ဝခြင်း၊ ပေါများခြင်းနှင့် လှပခြင်း၊ ထင်ရှားခြင်းကို ပုံဆောင်သည် - ဖိ၊၁း၁၉-၂၁က။ ဧ၊၁း၂၂-၂၃။ ၃း၁၉။
3. ပန်းဆိုင်းဖော်သောအလုပ်၏ ဖြတ်သန်းခြင်းနှင့် အကွက်ဖော်သောအလုပ်၏ ကန့်သတ်ပေးခြင်းတို့မှတစ်ဆင့် ကျွန်ုပ် တို့သည် စင်ကြယ်သော၊ ရိုးရှင်းသော ဘုရားသခင်ကို ကိုးစားသည့်အသက်တာကို အသက်ရှင်ကာ၊ အသက်၌ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ခရစ်တော်၏ ဘုရားဆိုင်ရာအသက် ကြွယ်ဝခြင်းများကို ထင်ရှားစေနိုင်ကြသည်။

**VI. ဗိမာန်တော်၏ ကျောက်များမှာ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၌ ခရစ်တော်၏ လူသားဇာတိ၊ ပုံသဏ္ဍာန်ပြောင်းလဲသော ခရစ်တော် ကို ပုံဆောင်သည် - ၁ဘုရင်၊၅း၁၅-၁၆။ ၆း၇၊ ၃၆။ ၁ရာ၊၂၉း၂။ ၂ရာ၊၃း၆။**

A. ဘုရားသခင်အဖြစ် ခရစ်တော်သည် လူ့ဇာတိခံခြင်း၌ လူ၏အသွေးအသားကို ယူတင်ဝတ်ဆင်ခဲ့သည်။ အသွေးအသား၌ရှိသောလူ၊ ဖန်ဆင်းခြင်းအဟောင်း၌ ရှိသောလူတစ်ဦးဖြစ်လာခြင်းဖြင့် ကိုယ်တော်သည် သူ၏လူသားအပိုင်း၌ ပုံသဏ္ဍာန် ပြောင်းလဲခြင်းရှိရန် လိုအပ်နေသည် - ရော၊၁း၃-၄။

B. ထိုသို့ ပုံသဏ္ဍာန်ပြောင်းလဲသော ခရစ်တော်သည် ယခုတွင် ဘုရားသခင့်တည်ဆောက်ခြင်း၏ အသက်ရှင်သောကျောက်၊ တိုက်မြစ်ကျောက်၊ တိုက်ထောင့်ကျောက်

နှင့် အထွတ်ကျောက် ဖြစ်သည် - ၁ပေ၊၂း၄။ ဟေရှာ၊၂၈း၁၆။ ၁ကော၊၃း၁၁။ ဧ၊ ၂း၂၀။ ၁ပေ၊၂း၆။ ဇာ၊၄း၇။ ၃း၉။ ဗျာ၊၅း၆။ ၄း၃။ ၂၁း၁၁။

C. ဗိမာန်တော်ရှိ ကျောက်များသည် ခရစ်တော်၌ရှိသော ယုံကြည်သူများ၊ ကျောက်ဖြစ်သော ခရစ်တော်အားဖြင့် ပုံသဏ္ဌာန် ပြောင်းလဲခံရသောသူများကိုလည်း ပုံဆောင်သည် - မ၊၁၆း၁၈။ ယော၊၁း၄၂။ ၁ပေ၊၂း၄-၇။ ဗျာ၊၂၁း၁၁၊ ၁၄၊ ၁၈-၂၀။ ညွှန်း၊ ဒံ၊၂း၃၄-၃၅၊ ၄၄-၄၅။

D. ဓမ္မသစ်ကျမ်းက အသက်ရှင်သောကျောက်များအကြောင်း ပြောထားပြီး (၁ပေ၊၂း၅)၊ ဓမ္မဟောင်းကျမ်းက ဖြတ်တောက်ခံရသောကျောက်အကြောင်း ပြောထားသည် (၁ဘုရင်၊၅း၁၅၊ ၁၇-၁၈။ ၆း၇)။ အသင်းတော်ကို တည်ဆောက်ခြင်းအတွက် အသုံးပြုသည့် ကျောက်များသည် အတွင်းပိုင်း၌ အသက်ရှင်ခြင်းနှင့် အပြင်ပိုင်းတွင် ဖြတ်တောက်ခြင်း (ဆက်ဆံဖြေရှင်း ခြင်း) ခံရမည်ဖြစ်သည် (၂ကော၊၄း၁၆)။

1. အသင်းတော်၌ ညီအစ်ကို ညီအစ်မအချို့တို့ကို “ရိုင်းသော”ကျောက်များ၊ ကျောက်တွင်းမှ လတ်တလောဖြတ်တောက် ယူထားပြီး၊ ထက်သော အစွန်းအတက်များဖြင့် ပြည့်ဝနေသော ကျောက်များအဖြစ် နှိုင်းယှဉ်နိုင်သည်။ သူတို့ကို ဆက်သွယ်လိုက်မည်ဆိုလျှင် သူတို့က လူများအား နာကျင်စေခြင်း၊ မသက်မသာဖြစ်စေသော ခံစားချက်ကိုပေးခြင်း ရှိကြ လေသည်။
2. သူတို့သည် ထပ်ဆင့်တည်ဆောက်ခံရရန်၊ အခြားသူများနှင့် ညှိနှိုင်းလုပ်ဆောင်ရန်၊ အစေခံရန်၊ အခြားသူများနှင့်အတူ စစ်ပွဲကိုတိုက်ခိုက်ရန် သို့မဟုတ် အခြားသူများနှင့်အတူ သေတ္တာတော် ထမ်းရန် တည်ငြိမ်မှုလုံလောက်စွာ မရှိသေးပါ။

**VII. ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် စစ်မှန်သော ခရစ်ယာန်အသက်တာသည် အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်ခံခြင်း အသက်တာ ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသင်းတော်၌ ကိုယ်တော်၏ဘုန်းတော်အတွက် တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခံ၍၊ ဘုန်းတော်မှဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရန် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုး အားဖြင့် ကိုယ်တော်၏ အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူညီခြင်း ရှိကြမည်ဖြစ်သည် - ဖိ၊၃း၁၀။ ၂ကော၊၃း၁၈။ ၄း၁၆-၁၈။ ဧ၊၃း၂၁။**